မင်းသန်းကျော်ရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မင်းသန်းကျော်ရွာ၊ မြိတ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ်လ

မာတိကာ

မာတိကာ

စကားချီး

မင်းသန်းကျေးရွာ သယံဇာတပြမြေပုံ၊ မြေတ်မြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း (ရှိလျှင်)

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း

(စ) ခရီးသွားလုပ်ငန်း(ရှိလျှင်)

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (၁)

စီမံချက်အဆိုပြုလွှာ (၂)

စီမံချက်အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မင်းသန်းကျေးရွာ

မြိတ်မြို့နယ်

မင်းသန်းကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မင်းသန်းကျေးရွာသည် မင်းသန်းကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင် ပါဝင်ပြီး မြောက်လတ္တီကျူ ၁၂ဒီဂရီ၊ ၂၁မိနစ်၊ ၁၇စက္ကန့်နှင့် ၉၀ဒီဂရီ၊ ၄၅မိနစ်၊ ၂၄စက္ကန့်အကြား၊အရှေ့လောင်ဂျီကျူ ၁၂ဒီဂရီ၂၁မိနစ်၊ ၃ဖစက္ကန့်နှင့် ၉၇ဒီဂရီ၊ ၄၅မိနစ် ၄၉စက္ကန့်အကြားတွင်တည်ရှိပါသည်။ အရှေ့ဘက်တွင် သက္ကယ်ကျင်းကျေးရွာ၊ တောင်ဘက်တွင် မရင်းငယ်ကျေးရွာ၊ မြောက်ဘက်တွင် ရှမ်းတောင်ကျေးရွာ၊ အနောက်ဘက်တွင် စလွန်းကျေးရွာနှင့်ထိစပ်လျက်ရှိပါသည်။ တောင်ဘက်တွင် တနသ်ာရီမြစ်၊ အရှေ့မြောက်ဘက်တွင် ကျွဲကူး-ကျောက်ဖျာမြစ်များ ဝန်းရံထားပါသည်။ မင်းသန်းကျေးရွာမှ ကျွန်းစုမြို့နယ်၊ မောင်းလှော်ကျေးရွာသို့ သွားမည့် တံတားတည်ဆောက်လျက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မင်းသန်းကျေးရွာအုပ်စုသည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၃၈)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၂)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ စလွန်းကျေးရွာအုပ်စု၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၈၅) လက်မဖြစ်ပြီး အနိမ့်ဆုံး မိုးရေချိန်မှာ (၁၀၃.၉၂) လက်မဖြစ်ပါသည်။ နွေရာသီတွင်အမြင့်ဆုံးအပူချိန်မှာ ၃ဖဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ဆောင်းရာသီတွင် အမြင့်ဆုံး အပူချိန်မှာ ၂၀ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၁၄.၅ဒီဂရီစင်တီဂရိတ်တို့ဖြစ် ပါသည်။ မင်းသန်းကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်သည့် သဘာဝပေါက်ပင် များမှာ ကညင်၊ ဥပ္ပယ်၊ လေသရက်၊ တောရှောက်မြစ်၊ တကူ၊ သစ်ယာ၊ ပိတောက်၊ သင်္ကန်းနှင့်အခြားသစ်မျိုးများ ပေါက်ရောက်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မင်းသန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေမှာကောင်းမွန်ပါသည်။ ကျေးရွာ၏လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့၊ မိန်းမကြီးအဖွဲ့နှင့် မြစိမ်းရောင်ကော်မတီ စသည်ဖြင့် အဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်တွင် ပါဝင် သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်

ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းဖြစ်သည့် Unicef အဖွဲ့ တစ်ခုသာရှိသည့်အတွက် အခြားသော ကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးနေသည့် ကျန်ရှိသော အဖွဲ့များအား ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မင်းသန်းကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါး၊ ကွမ်းသီးဖြစ်ပြီး ရော်ဘာကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီလွှာများ ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေ ဝင်ရောက်ခြင်း၊ သီးနှံပိုးမွှား ရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ထုတ်လုပ်မှုဖြစ်ပေါ်လျက် ရှိပါသည်။ ရော်ဘာဈေးနှုန်းသည် ကျဆင်းလျက်ရှိ သည့်အတွက် အခက်အခဲများဖြစ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အများစုသည် ကိုယ်ပိုင်စက်ကိရိယာများဖြင့် လုပ်ကိုင်ကြပြီး ဆင်းရဲသားတောင်သူငယ်များမှာ လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ စိုက်ပျိုးရေအလုံအလောက်မရရှိခြင်း၊ ပိုးမွှားရောဂါ ကျရောက်မှုအများဆုံးဖြစ်ပေါ်ပါသည်။ သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူ မရရှိသည့်အတွက် မျိုးကောင်းမျိုးသန့်များရရှိနိုင်သည့်နေရာများအား ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက် ရှိပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

မင်းသန်းကျေးရွာတွင် C P ကြက်မွေးမြူရေး ပြုလုပ်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ အများစုမှာ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း ဈေးကောင်း မရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက် ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့် နည်းပညာဆိုင်ရာ ဗဟုသုတ တိုးတက်လာစေရန် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ လုပ်ဆောင် ပေးနိုင်ပါက စီးပွားဖြစ် မွေးမြူလာနိုင်ကြပါမည်။မင်းသန်းကျေးရွာတွင် ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။

မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ သွင်းအားစုများ၊ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင်ပါသည်။ အခက်အခဲများမှာ စားကျက်မြေ ရှားပါးခြင်း၊ ရေအလုံအလောက်မရှိခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်း ကြီးစွာဖြင့် ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း စျေးကွက်မမီခြင်းများ ရှိနေပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့် နေရာများနှင့်ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်မည့် အစီအစဉ်များ ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မင်းသန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ လက်သမား၊ ပန်းရံ စသည်တို့ဖြင့် လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူစသည့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူလည်း များပြားပါသည်။ အလုပ်အကိုင် အခွင့်အလမ်းမှာ နည်းပါးပြီး ကျွမ်းကျင်လုပ်သား ရှားပါးပါသည်။ ကျေးရွာတွင် မီးကြိုးနှင့် ဓာတ်မီးတိုင်များ ရောက်ရှိနေပြီး လျှပ်စစ်မီး ရရှိလာခဲ့ပါက တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ပိုမိုတိုးတက် လုပ်ဆောင်လာနိုင်ပါမည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ လုပ်သားအင်အားရှားပါးခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း စျေးကွက်မရှိခြင်း စသည်တို့ ဖြစ်ပါသည်။ ကျေးရွာတွင် (၂၀%) အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစုစားဝတ်နေရေးအတွက် ချေးယူနေရသည့်အတွက် ကာလရှည်ချေးငွေများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်သည့် အခွင့်အရေးရှိပြီး ဆင်းရဲသည့် မိသားစုများအတွက် အခွင့်အရေးနည်းပါးပါသည်။ ထိုကြောင့်ကျေးရွာတွင်ရှိသော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မင်းသန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမား များထံမှ အပေါင်ခံပစ္စည်း ပုံစံ (၇) ရှိမှသာ ချေးငွေများကို ကာလလတ်ချေးငွေဖြင့်

ချေးပေးလျက်ရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ(၇)ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေရယူခြင်း မရှိသည်များရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထား သည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေးရ်မရသည်များ ရှိပါသည်။ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ အရေးပေါ်ကိစ္စများနှင့်ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေးသူများနှင့် မိတ်ဆွေ၊ ဆွေမျိုးများမှာလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသည့်အတွက် ကာလရှည်ချေးငွေများ ထုတ်ချေးပေးရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မင်းသန်းကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများသွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်များနှင့် ကားကိုသာ အဓိကထား အသုံးပြုပါသည်။ ဆိုင်ကယ်စီးရေမှာ (၈၁) စီး ရှိပါသည်။ ထော်လာဂျီ (၅) စီးနှင့် ကား (၁) စီးရှိပြီး ရွာ၏ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကို အဓိက လုပ်ဆောင်ကြပါသည်။ ရေကြောင်း သယ်ယူပို့ဆောင်ရေးကို အသုံးပြုသူနည်းပြီး လေ၊ စက်လှေတို့ဖြင့် တံငါလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင်း လမ်းများအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မင်းသန်းကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် မီးပေးဝေထားမှုရှိသော်လည်း ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ သုံးစွဲမှုအတွက် တစ်ရက်ကို (၅၀၀) နှင့် (၇၀၀) ကျပ်တို့ဖြင့် ပေးဆောင်ရပါသည်။အိမ်ခြေ(၁၆၅)အိမ်ရှိသည့်အနက် ဆိုလာအသုံးပြုသည့်အိမ်ခြေ(၁၇)အိမ် နှင့် ဒီဇယ်အင်ဂျင်ဖြင့် အသုံးပြုသည့် အိမ်ခြေ(၉၁) အိမ်ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သည့်အိမ်ထောင်စုအများစုမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်မီး တို့ကို အသုံးပြုကြပါသည်။ ယခုလက်ရှိတွင်မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိ သေးသော်လည်း ကျေးရွာတွင် လျှပ်စစ်မီးတိုင်နှင့် Transformerများ ရောက်ရှိနေပြီ ဖြစ်သည့်အတွက် မကြာမီအချိန်တွင် လျှပ်စစ်မီးရရှိနိုင်မည် ဖြစ်ပါသည်။ လျှပ်စစ်မီး

ရရှိလာပါက ကျောင်းသားများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေပါမည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မင်းသန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၅၇) လုံး၊ ရေဒီယို (၅) လုံး၊ တီဗွီ (၅၂) လုံး၊ ဂြိုလ်တုစလောင်း (၅၂) လုံး စသည်တို့မှ ရရှိသော်လည်း တစ်ချို့တစ်ဝက်သောနေရာတွင်သာ ဖုန်းလိုင်းအဆက်အသွယ်ရပါသည်။ အင်တာနက်လိုင်းမှာအသုံးပြုရန်းပါသည်။လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဖုန်းများကို အားသွင်းရန် အခက်အခဲရှိနေပြီး သတင်းများကို အချိန်မီ မသိရှိနိုင်သည့် အခက်အခဲများ လည်းရှိနေပါသည်။

၆။ ပညာရေး

မင်းသန်းကျေးရွာတွင် စာမတတ်သူဦးရေ(၂၄)ဦးရှိပါသည်။ ဘွဲ့ရသူဦးရေ (၁၆) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၄၃၃) ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၂၇၀) ဦးရှိပြီး အထက်တန်းပညာ ပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာ ပြီးဆုံးသူနှုန်းတို့မှာ (၂) ပုံ (၁) ပုံခန့်ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေး တိုးတက်မှုအတွက် အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သာ အတန်းပညာပြီးမြောက်မှု များပြားနေပါသည်။

မူလတန်းအဆင့် အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါ သည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မင်းသန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ ကျန်းမာရေး ဝန်ထမ်း(၅)ဦးရှိပါသည်။ဆေးခန်းကို မင်းသန်းကျေးရွာအုပ်စု၊ ပြင်းငယ်ကျေးရွာ အုပ်စု၊ စလွန်းကျေးရွာအုပ်စု၊ ကဟန်းကျေးရွာအုပ်စုတို့မှ လာရောက်ဆေးခန်းပြကုသ ကြရပါသည်။ ကျေးရွာအတွင်း ရိုးရိုးဖျားနာသူများအတွက် အဆင်ပြေမှုများ ရရှိပြီး ရောဂါပြင်းထန်လာ သည့်အခါ မြို့နယ်ဆေးရုံသို့ သွားရောက်၍ ကုသကြရပါသည်။ ကျေးရွာတွင်

ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ အသိပညာပေးခြင်းဟောပြောပွဲများလည်း ပြုလုပ်ပေးလျှက် ရှိပါသည်။

ကျေးရွာတွင် အိမ်ထောင်စုအများစုသည် unicef မှ ပြုလုပ်ပေးထားသည့် အဝီတွင်း (တွင်းတိမ်) ကိုသာ အဓိကထား အသုံးပြုကြပါသည်။ နွေရာသီတွင် သောက်သုံးရေ မလုံလောက်သည့်အတွက် အဝီတွင်း (တွင်းတိမ်) တစ်တွင်း ထပ်မံတူးဖော်နိုင်လျှင် ကျေးရွာ၏ သောက်သုံးရေ အခက်အခဲပြေလည်လာနိုင်ပါသည်။ သန့်ရှင်းသော သောက်သုံးရေကို အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးရန်နှင့် ရေဂါလံ (၅၀၀၀) ဆံ့ ရေကန်တည်ဆောက်၍ အိမ်တိုင်းစေ့ ရေပိုက်သွယ်တန်းခြင်း ပြုလုပ်လိုကြပါသည်။

ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၁) အိမ်ရှိပါသည်။ မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများမှာ (၁၅၄) အိမ်ရှိပါသည်။ တွင်း/ ဇလားအိမ်သာ၊ သုံးစွဲသည့်သူများ ရှိသည့်အတွက် ကျေးရွာတွင်ကျန်းမာရေးနှင့် ပတ်သက်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်ပါသည်။ ထိုကြောင့် စာပေဟောပြောပွဲနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လျက် ရှိပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မင်းသန်းကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။သို့ရာတွင် မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ဆောင်ရွက်ထားမှု မရှိပါ။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင်ထိခိုက်လွယ်မည့် အုပ်စုမှာ (၃၀%)ခန့်ရှိနိုင်ပါသည်။ အမျိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှု အားနည်း လျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသား များသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

မင်းသန်းကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် များပြားပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကောန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မင်းသန်း			ကျေးရွာအမည် – မင်းသန်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်း အဝေးတွင် ဖော်ထုတ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်, မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် – မင်းသန်း			ကျေးရွာအမည် – မင်းသန်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
	လုပ်ငန်းများဆိုင်ရာ			
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ကလေးကစားကွင်း တည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၈	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	အာဟာရပညာပေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၁၉	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ယင်လုံအိမ်သာသုံးစွဲမှု အိမ်တိုင်းစေ့ သုံးစွဲလာစေရန် ပညာပေးလုပ်ဆောင်ခြင်း။	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကုန်ထုတ်လမ်းပေ(၃၀၀၀)ဖောက်လုပ်ခြင်း	ဒုတိယ
၂၁	အခြေခံအဆောက်အဦ	သောက်သုံးရေ	ဂါလံ (၅၀၀၀) ဆံ့ ရေကန်တည်ဆောက်၍ အိမ်တိုင်းစေ့ ရေပိုက်လိုင်းသွယ်တန်းခြင်း။	ပထမ
၂၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	တွင်းတိမ်တစ်တွင်း ထပ်မံတူးဖော်ခြင်း။	
၂၃	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့များ စုပေါင်းလုပ်ဆောင်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	စာကြည့်တိုက် ဆောက်လုပ်ခြင်း	
၂၆	လူငယ်နှင့်အားကစား	အားကစား	အားကစားကွင်း တစ်ကွင်း ပြုလုပ်နိုင်ရန် အကောင်အထည်ဖော်ခြင်း။	

ကျေးရွာအုပ်စုအမည် – မင်းသန်း			ကျေးရွာအမည် – မင်းသန်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၂၇	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။	
၂၈	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၉	သဃံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေး၊ သဘာဝရင်းမြစ် စီမံခန့်ခွဲရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၃၀	အခြေခံ အဆောက်အဦ	အညစ်အကြေး	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် စုပေါင်းလုပ်ဆောင်ခြင်း။	

နောက်ဆက်တွဲ (၁)

မင်းသန်းကျေးရွာ၊ မင်းသန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းစော	ဦးလှထွန်း	ဖ/မအရ(နိုင်)၁၀၄၀၆၅	၃၇	ဥက္ကဋ္ဌ	၀၉၂၆၄၅၇၀၃၇၄
၂	ဒေါ်ခင်စန်းအေး	ဦးအုန်းသင်	ဖ/မအရ(နိုင်)၀၃၅၃၀၂	၄၈	အတွင်းရေးမှူး	၀၉၄၄၁၈၆၀၁၈၀
၃	ဦးအောင်ကိုကို	ဦးမင်းကို	ဖ/မမန(နိုင်)၁၂၀၃၈၆	၃၂	စာရင်းကိုင်	-
၄	ဦးဌေးလွင်	ဦးစိန်သန်း	ဖ/မအရ(နိုင်)၀၃၄၄၇၀	၄၇	ဘဏ္ဍာရေးမှူး	၀၉၂၅၄၇၃၁၉၅၅၄
၅	ဦးလှအေး	ဦးသိန်းတင်	ဖ/မအရ(နိုင်)၀၃၄၄၄၂	၅၅	စာရင်းစစ်	၀၉၈၉၈၂၆၀၃၇၄
၆	ဦးဉာဏ်နိုင်ဦး	ဦးတိုးအောင်	ဖ/မအရ(နိုင်)၀၃၄၆၀၃	၄၆	အဖွဲ့ဝင်	၀၉၄၂၆၃၄၈၁၉
၇	ဒေါ်အေးရီ	ဦးသန်းစိန်	ဖ/မမန(နိုင်)၁၅၀၂၄၀	၃၅	အဖွဲ့ဝင်	-
၈						
၉						
၁၀						
၁၁						
၁၂						
၁၃						
၁၄						
၁၅						

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	- မင်းသန်း
ကျေးရွာအုပ်စု	- မင်းသန်း
မြို့နယ်	- မြိတ်
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - ဂါလံ(၂၆၀၀)ဆံ့ရေကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- မင်းသန်းကျေးရွာတွင် သောက်သုံးရေလုံလောက်မှုမရှိသည့်အတွက် နွေရာသီတွင် ရေလျှခြင်း ခံရသည့် အခြေအနေထိဖြစ်ပါသည်။
- သောက်သုံးရေမဖူလုံခြင်းကြောင့် စီးပွားရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း အခက်အခဲများ ဖြစ်နေရပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)

- ကျေးရွာလူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊
- တစ်နှစ်ပတ်လုံးသောက်သုံးရေလုံလောက်လာပါက ကျေးရွာ၏ ကျန်းမာသန့်ရှင်းရေးတိုးတက် ကောင်းမွန်လာစေရန်

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- သောက်သုံးရေဖူလုံလာခြင်းကြောင့် လူနေမှုအဆင့်အတန်းမြှင့်မားတိုးတက်လာမည်။
- စီးပွားရေးနှင့်ကျန်းမာရေးအခက်အခဲများ အဆင်ပြေကောင်းမွန်လာမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ဂါလံ(၂၆၀၀)ဆံ့ရေကန်ဆောက်လုပ်ခြင်း 12'x6'x6'
- ရေပိုက်သွယ်တန်းခြင်း 4"+3"+2"+1.5" ø**PVC–4650'**

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား) • ၂,၅၀၀,၀၀၀(ငွေသား) • ၂,၅၀၀,၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၁၉	၄၀၄	၈၂၃	၃၃	၈၃	၄၆	၃	၁၆၅
အကျိုးခံစားမည့်သူ ဦးရေ	၄၁၉	၄၀၄	၈၂၃	၃၃	၈၃	၄၆	၃	၁၆၅
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
- ကျေးရွာသူ/သားများ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၉ ခုနှစ်၊ မတ်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် –၂၀၁၉ ခုနှစ်၊ မေလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ရေကန်တည်ဆောက်ရန်နှင့် ရေပိုက်သွယ်တန်းရန်အတွက် လိုအပ်သော အထောက်အကူပြုပစ္စည်း များ အားကျေးရွာမှထည့်ဝင်ပါမည်။
- လိုအပ်ပါက ကျေးရွာဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များရေးဆွဲပါမည်။
- ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- ရေကန်တည်ဆောက်မှုနှင့် ရေပိုက်သွယ်တန်းပြီးပါက ပြုပြင်ထိန်းသိမ်းခြင်းကို ကျေးရွာရေပေး ရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်းသွားပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက်ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ	– မင်းသန်း
ကျေးရွာအုပ်စု	– မင်းသန်း
မြို့နယ်	– မြိတ်
တိုင်းဒေသကြီး / ပြည်နယ်	– တနင်္သာရီတိုင်းဒသကြီး

စီမံချက်အမည် – ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၃၀၀၀)ပေ

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- မင်းသန်းကျေးရွာတွင် ယခုလက်ရှိလမ်းသည် ဥယျာဉ်ခြံသို့သွားလာသည့်အခါ လူသွားလမ်းအဆင့်သာရှိပြီး မိုးရာသီတွင်သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်သည့်အတွက် သွားလာရအခက်အခဲဖြစ်နေပါသည်။
- လမ်းပန်းဆက်သွယ်ရေးသွားလာရခက်ခဲသဖြင့် စျေးကွက်သို့အချိန်မီမရောက်ရှိနိုင်သည့်အခက်အခဲများဖြစ်နေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- တစ်နှစ်ပတ်လုံးသွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့်ကျေးရွာ၏အခြေခံ အဆောက်အဦဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရန်၊
- ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာအတွင်းရှိနေထိုင်သူများ၏လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှု တိုးတက်ကောင်းမွန်လာမည်။
- သွားလာရေးအတွက်အချိန်ကုန်သက်သာခြင်းနှင့်ကုန်ကျစရိတ်သက်သာလာမည်။
- ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၃၀၀၀)ပေ

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား)	• ကျေးလက်ဦးစီး
• (ငွေသား)	• ကျေးရွာ
• ၅၀၀,၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၁၉	၄၀၄	၈၂၃	၃၃	၈၃	၄၆	၃	၁၆၅

အကျိုးခံစားမည့်သူ ဦးရေ	၄၁၉	၄၀၄	၈၂၃	၃၃	၈၃	၄၆	၃	၁၆၅
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –
(၃) စီမံချက်ပြီးစီးမည့်အချိန် –
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် လိုအပ်သော အထောက်အကူပြုပစ္စည်း များ အားကျေးရွာမှ ထည့်ဝင်ပါမည်။ • လိုအပ်ပါက ကျေးရွာဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များရေးဆွဲပါမည်။ • ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ • ကုန်ထုတ်လမ်းဖောက်လုပ်ပြီးပါက ပြုပြင်ထိန်းသိမ်းခြင်းကို ကျေးရွာလမ်းကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်းသွားပါမည်။ • စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက်ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ	– မင်းသန်း
ကျေးရွာအုပ်စု	– မင်းသန်း
မြို့နယ်	– မြိတ်
တိုင်းဒေသကြီး / ပြည်နယ်	– တနင်္သာရီ
စီမံချက်အမည် – စာကြည့်တိုက်ဆောက်လုပ်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)	

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ……(ငွေသား)	• ……ဦးစီး
• xxxxxxxxxx (ငွေသား)	• ကျေးရွာ
• xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးရွာ
•	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့်သူ ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –
(၃) စီမံချက်ပြီးစီးမည့်အချိန် –
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၃	၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၄	၁၇	၃၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၃၀	၆၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၅၀	၉၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၆	၂၇၃	၅၆၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၈	၃၁	၅၉
စုစုပေါင်း		**၄၁၇**	**၄၀၄**	**၈၂၃**
စုစုပေါင်း အိမ်ထောင်စု		**၁၆၅**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။မင်းသန်းကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၆၅)အိမ်ရှိပြီး လူဦးရေပေါင်း (၈၂၃)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၄)ဦးသာရှိသည့်အတွက် ကလေးမွေးဖွားမှုအနည်းငယ်သာရှိပါသည်။ ၅နှစ်အောက် ကလေးအရွယ် (၃.၇၇%)၊ မူလတန်းကျောင်းသားအရွယ်(၁၀.၈၉%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၀၆%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉.၁၄%)နှင့် သက်ကြီးရွယ်ကြီး (၇.၁၇%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄.၉)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားသော ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၁	၁၀၉	၅၄	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	-	မြင့်☑လတ်☑နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၃၃	၃၇	၃	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၈	၄	မြင့်□လတ်□နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၁၅	၇	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်□လတ်□နိမ့်☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း	–	–		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း	–	–		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	ပညာရေး				
၁၇	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်□လတ်□နိမ့်☑
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	လူမှုရေး လုပ်ငန်းများ				
၁၉	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	
၂၀	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၁		☒
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
၂၁	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်□လတ်□နိမ့်☑
	စုစုပေါင်း	**၁၆၀**	**၁၇၅**	**၁၄**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -

"စိုက်ပျိုးရေး" ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။မင်းသန်းကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သည့်အိမ်ထောင်စု(၃၉)အိမ်ရှိပြီး၊ အခြားလုပ်ငန်းများဖြစ်သည့် အရောင်းအဝယ်ဖြင့် အိမ်ထောင်စု(၁၅)အိမ်နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁)အိမ်ရှိပါသည်။ ပညာရေးဝန်ထမ်းနှင့်ချေးငွေလုပ်ငန်းတွင် လုပ်ကိုင်သည့် ကျေးရွာသူ/သားအနည်းငယ်ရှိပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၇၀၀၀	-	၅၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ မင်းသန်းကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သည့် နေ့စားပုတ်ပြတ်အလုပ်လုပ်သူပိုမိုများပြားပါသည်။ တစ်ရက်လုပ်အားခ အများဆုံး အမျိုးသား(၆၀၀၀)ကျပ် နှင့် အမျိုးသမီးလုပ်အားခ(၅၀၀၀)ကျပ် ရရှိပြီး အနည်းဆုံးတစ်ရက်လုပ်အားခ အမျိုးသား(၅၀၀၀)ကျပ်နှင့် အမျိုးသမီးလုပ်အားခ(၄၀၀၀)

ကျပ်ရရှိပါသည်။ ထုတ်ကုန်လုပ်ငန်းအဖြစ်လုပ်ကိုင်သည့် ဆန်စပါးရာသီပေါ်ချိန်တွင် တစ်ရက်လုပ်အားခ အများဆုံး အမျိုးသား(၆၀၀၀)၊ အမျိုးသမီး(၅၀၀၀)နှင့် တစ်ရက်လုပ်အားခ အနည်းဆုံးအမျိုးသား(၅၀၀၀)၊ အမျိုးသမီး(၄၀၀၀)ရရှိ ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်သည့် လက်သမား/ပန်းရံ လုပ်သားများသည် တစ်ရက်လုပ်အားခအမျိုးသားအနေဖြင့် ကျပ်(၇၀၀၀)နှင့် အမျိုးသမီးအနေဖြင့် တစ်ရက်လုပ်အားခအများဆုံး(၅၀၀၀)၊ အနည်းဆုံး(၄၀၀၀) ရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၀၅.၀၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၄၇.၉၇	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ	၄၆.၁	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ	၃.၂	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၆၄၇.၃၂**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မင်းသန်းကျေးရွာတွင် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ စားကျက်မြေ၊ ခနိ တောမြေနှင့် ယာမြေတောင်ယာမြေ များ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်တင့်ရှိပါသည်။ စိုက်ပျိုးရေး နည်းစနစ်များမရှိသည့်အတွက် သီးနှံထွက်နှုန်းနည်းပါးခြင်းများ ကြုံတွေ့နေရသော ကြောင့် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများ ,ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက် ရှိပါသည်။

ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်မျက် စသည်။)		
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မင်းသန်းကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်)နှင့် ကျောက်၊သဲ၊ကျောက်စရစ်စသည်များ ထွက်ရှိမှုမရှိသည့်အတွက် အခြားကျေးရွာများမှဝယ်ယူသုံးစွဲနေရပါသည်။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ကျေးရွာတွင် အနည်းငယ် ထွက်ရှိမှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
